Legal Aid Network
ဥပဒေ အထောက်အကူပြုကွန်ရက်
Email:- legalaidnetwork@gmail.com website:- legalaidnetwork.org

# ဥပဒေစိုးမိုးရေးအခြေခံမှနေ၍ လူ့အခွင့်အရေးကို တိုးမြှင့်နိုင်စေရေးအတွက် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ်အား ဆန့်ကျင်လှုပ်ရှား၊ တိုက်ပွဲဝင်နေကြသည့် တိုင်းရင်းသားနှင့် ဒီမိုကရေစီအင်အားစုများအနေဖြင့် ရွေးကောက်ပွဲအသစ်များ ကျင်းပနိုင်ကြစေရန် ဥပဒေကြောင်းအရ အကြံပြုခြင်း။

## ၂၀၂၀ခုနှစ် ရွေးကောက်ပွဲကို အသိအမှတ်ပြုခြင်းမှာ ဥပဒေအရမဟုတ်။

၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲ၏ရလဒ်များများ ဥပဒေအထောက်အကူပြုကွန်ရက်အနေဖြင့် ယေဘုယျအားဖြင့်[1] အသိအမှတ်ပြုခဲ့သည်။ သို့ရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် စစ်တပ်အာဏာသိမ်းမှုကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ရွေးကောက်ပွဲရလဒ်များအား လက်တွေ့အကောင်အထည်မဖော်နိုင်ခဲ့ချေ။ ထို့ပြင် ယင်းရလဒ်ကို အသုံးပြု၍လည်း မြန်မာနိုင်ငံနှင့်သင့်တော်သည့် ဖက်ဒရယ်စနစ်တရပ် ထိထိရောက်ရောက်ပေါ်ပေါက် ကျင့်သုံးခွင့်ရစေရန် ပါတီ၏နိုင်ငံရေးဆန္ဒကို ထင်ထင်ရှားရှားမပြခဲ့။

## ရွေးကောက်ပွဲရလဒ်နှင့် နယ်မြေကို ထိန်းချုပ်နိုင်မှုပုံစံပြချက်[2] နှစ်ခုတို့ပေါင်းစပ်ဖွဲ့စည်းခြင်း။

ယင်းသို့ဖွဲ့စည်းပေါ်ပေါက်လာခဲ့သော အမျိုးသားညီညွတ်ရေးအစိုးရအား ဥပဒေအထောက်အကူပြုကွန်ရက်က ကြိုဆိုခဲ့သည်။ စံပြချက် ပထမတခုမှာ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အစိတ်အပိုင်းအရ အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ဒုတိယတခုမှာ အထူးသဖြင့် တပ်ဖွဲ့စည်းမှုများ၊ အုပ်ချုပ်ရေးဌာနများ၊ သတ်မှတ်နယ်မြေများနှင့် လူထုထောက်ခံမှုများရှိသော တိုင်းရင်းသားခုခံစစ်ဆင် အဖွဲ့အစည်းအချို့တို့ကို ကိုယ်စားပြုထားသည့် ခေါင်းဆောင်များအတွက် နိုင်ငံရေးနေရာများ သတ်မှတ်ပေးခြင်းဖြစ်သည်။ သို့ရာတွင် အမျိုးသားညီညွတ်ရေးအစိုးရအား လည်ပတ်ရာ၌ ကံမကောင်းစွာဖြင့် တာဝန်ခံမှုနှင့် ရှင်းရှင်းလင်းလင်းရှိမှုတို့အား နည်းပါးစွာတွေ့ရသည်။

---

[1] မှတ်ချက်။ ။ အောက်ပါအကြောင်းများကြောင့် ဥပဒေအရအသိအမှတ်မပြုခဲ့ပါ။ (၁) ၎င်းရွေးကောက်ပွဲများအား စစ်အာဏာရှင်စနစ်ကို တည်တံ့ခိုင်မြဲစေသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ကျင်းပခဲ့သည်။ (၂) ပြည်နယ်များတွင် အချုပ်အခြာအာဏာပိုင်သည့် စံထားချက်အခြေခံတွင် သို့မဟုတ် ၎င်းကိုကျင့်သုံး၍ ကျင်းပခဲ့ခြင်း မဟုတ်။ သို့ရာတွင် ဥပဒေအထောက်အကူပြုကွန်ရက်က ယေဘုယျလူထု၏ ဆန္ဒကို အသိအမှတ်ပြုခဲ့သည်။

[2] De – Jure and De – Facto

## လွတ်လပ်သော တရားစီရင်ရေးနှင့် ဥပဒေပြုလွှတ်တော် နှစ်ခုလုံးကင်းမဲ့လျက်ရှိခြင်း။

အမျိုးသားညီညွတ်ရေးအစိုးရအား ဖွဲ့စည်း၊ လည်ပတ်ခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်နှစ်နီးပါးမျှ ရှိနေပါပြီ။ သို့ရာတွင် ၎င်း၏ဝန်ကြီးဌာနများသည် လူထုထံသို့ ပြည့်စုံရှင်းလင်းသော အစီရင်ခံစာများတင်သွင်းနိုင်ခြင်းမရှိခဲ့ကြ။[၃] သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အားကောင်းချက်နှင့် အားနည်းချက်များအား လူထုက မသိခဲ့ကြ။ သို့ဖြစ်၍ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် တာဝန်ခံမှုရှိသော၊ ရှင်းရှင်းလင်းလင်းရှိသော၊ ထက်မြက်သော အစိုးရအနေဖြင့် မည်ကဲ့သို့လည်ပတ်သင့်ကြောင်းကို အကြံပေးနိုင်ခွင့်မရခဲ့ကြ။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် ဝန်ကြီးချုပ်ဦးဆောင်သည့် ပါလီမန်စနစ်ကို အာမခံထားသော်လည်း အမျိုးသားညီညွတ်ရေးအစိုးရ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုကို ကြီးကြပ်သည့် ပါလီမန်လွှတ်တော်မရှိ။ ၎င်းအပြင် တရားစီရင်ရေးအရ ပြန်လည်သုံးသပ်ပိုင်ခွင့်အာဏာအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီကျင့်သုံးပြီး လွတ်လပ်စွာရပ်တည်သည့် တရားစီရင်ရေးလည်း ရှိမနေ။ သို့ဖြစ်၍ အခြားအကြောင်းများအပြင် အထက်ပါတို့ကြောင့် လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင်နိုင်ငံများက ၎င်းအားမြန်မာနိုင်ငံ၏တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုခံရရေးကြိုးပမ်းမှုတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

## လွတ်လပ်၊ ဘက်မလိုက်၊ ထက်မြက်ပြီး လိုအပ်သော အရင်းအမြစ်များ ဖြည့်ဆည်းခြင်းခံရသည့် တရားစီရင်ရေး၏ အရေးကြီးမှု။

တရားစီရင်ရေးအနေဖြင့် ၎င်း၏သဘာဝနှင့် သက်ဆိုင်သော ပြဿနာများအားလုံးအပေါ်တွင် စီရင်ပိုင်ခွင့်အာဏာရှိရပါမည်။ တရားရုံးသို့ ဆုံးဖြတ်ရန်တင်သွင်းသော ပြဿနာရပ်တခုမှာ ၎င်းတွင် စီရင်ပိုင်ခွင့် ရှိမရှိအား တရားစီရင်ရေးအနေဖြင့် ဥပဒေနှင့်အညီ သီးသန့်ဆုံးဖြတ်ပိုင်ခွင့် အာဏာရှိရပါမည်။[၄] စစ်အာဏာရှင် စနစ်အားဆန့်ကျင် တိုက်ပွဲဝင်နေစဉ်မှာပင် ပြည်နယ်နှင့်ဖက်ဒရယ်အဆင့် တိုင်းပြည်အုပ်ချုပ်မှု အဆောက်အအုံများအားလုံးတွင် လွတ်လပ်သောတရားစီရင်ရေးများ ပေါ်ပေါက်လာရေးမှာ လွန်မင်းစွာအရေးကြီးလှသည်။ ၎င်းတို့သည် မတူကွဲပြားသော တိုင်းရင်းသားပြည်နယ်များအား ထိန်းညှိနိုင်စေရေးအတွက် မရှိမဖြစ် လိုအပ်သောကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေများ အောက်တွင် တရားစီရင်ရေးဆိုင်ရာ ဥပဒေသစ်တရပ်နှင့် အညီလည်ပတ်သင့်ပါသည်။

[3] မှတ်ချက်။ ။ အမျိုးသားညီညွတ်ရေးအစိုးရ၏ အနည်းငယ်မျှသော ဝန်ကြီးဌာနတို့သည် လူထုထံသို့ အစီရင်ခံစာများ တင်သွင်းခဲ့သော်လည်း ၎င်းတို့မှာ လူထုများအနေဖြင့် အစီရင်ခံစာ၏ အဆင့်၊ ခိုင်မာမှု၊ လုပ်ငန်းတိုးတက်မှုတို့အား တိုင်းတာအကဲဖြတ်နိုင်လောက်သည်အထိမရှိ။ လွန်စွာယေဘုယျဆန်လွန်းသည်။

[4] Human Rights Office of the High Commissioner, “Basic Principles on the Independence of the Judiciary,” adopted ၀၆ September ၁၉၈၅. <https://www.ohchr.org/en/instruments–mechanisms/instruments/basic–principles–independence–judiciary

**CRPH က ဖွဲ့စည်းနိုင်ချေရှိသည့် ဥပဒေပြုလွှတ်တော်အား အကျဉ်းချုပ်သုံးသပ်ခြင်း။**

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) သည် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲသက်သက်မျှကို အခြေခံလျက် ဥပဒေပြုလွှတ်တော်တရပ်အား နည်းလမ်းတကျ ဖွဲ့စည်းသွားတော့မည် ဖြစ်ကြောင်းသိရသည်။ ယင်းမှာ ရွေးကောက်ပွဲရလဒ်နှင့် နယ်မြေကို ထိန်းချုပ်နိုင်မှုစံပြုချက်[5] နှစ်ခုတို့ကို ပေါင်းစပ်ဖွဲ့စည်းခြင်း မျိုးမဟုတ်။ ဥပဒေအထောက်အကူပြုကွန်ရက်အနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်သက်သက်ကို အခြေပြုပြီး ခေါ်ယူမည့်လွှတ်တော်၏ တရားဝင်မှုအား အသိအမှတ်ပြုရန်မှာ အောက်ပါအကြောင်းအချက်များအရ မဖြစ်နိုင်လောက်အောင်ပင် ခဲယဉ်းပါသည်။

(က) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအား ကျင်းပခဲ့ခြင်း ဖြစ်သည်။ ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီက ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပယ်ဖျက်လိုက်ပြီးပြီဖြစ်သည်။ နောက်ထပ်မည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုမျှလည်း တရားဝင် နည်းလမ်းတကျ အတည်ပြုထားခြင်းမရှိသေး။ သို့ဖြစ်၍ **ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီက ဖွဲ့စည်းမည့် ဥပဒေပြုလွှတ်တော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနောက်ခံကင်းမဲ့လျက်ရှိသည်။** ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ ဥပဒေပြုခြင်းမှာ လွန်မင်းစွာ စိုးရိမ်မကင်းဖြစ်ဘွယ်ပင်။ သို့ဖြစ်ပါက ဖက်ဒရယ်ဒီမိုကရေစီကို အုတ်မြစ်ချရာ ရောက်လိမ့်မည်မဟုတ်ပါ။ တပြည်ထောင်စနစ်အား လက်တွေ့ ကျင့်သုံးမှုကိုသာ ဦးတည်နေပါလိမ့်မည်။ အကျိုးဆက်အနေဖြင့် (စစ်အာဏာရှင်စနစ်အား တိုက်ဖျက်နိုင်စေဦးတော့) ပြည်တွင်းစစ်သည် ဆက်လက်တည်ရှိနေပါလိမ့်မည်။

(ခ) **NLD၊ CRPH၊ NUG နှင့် NUCC တို့က အတည်ပြုထားသော ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခွင့်အာဏာရှိမနေပါ။** ၎င်းပဋိညာဉ်မှာ တန်ဘိုးရှိသော စံထားချက်များအား ဖော်ပြရန်မျှသာဖြစ်သည်။ ၎င်းအစားအခွင့်အာဏာနှင့် ပြည့်စုံသော ဖွဲ့စည်းပုံအခြေခံဥပဒေ ကသာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစနစ် ကို လည်းကောင်း၊ ကန့်သတ်သည့်အစိုးရစနစ် ကို လည်းကောင်း ဖော်ဆောင်နိုင်ပါလိမ့်မည်။

(ဂ) **မဲအများစုရသူနိုင်စတမ်း ရွေးချယ်တင်မြှောက်ပုံစနစ်[6]ကို အသုံးပြုပြီး ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲများအား ကျင်းပခဲ့ခြင်းဖြစ်သည်။** ယင်းစနစ်တခုတည်းသက်သက်သည် မြန်မာနိုင်ငံအတွက် မသင့်တော်ပါ။ မြန်မာမဟုတ်သည့် တိုင်းရင်းသားလူနည်းစုနိုင်ငံရေးပါတီများအား သင့်တင့်လျောက်ပတ်သည့် လွှတ်တော်အမတ်နေရာ မအပ်နှင်းဘဲ ချောင်ထိုးထားခြင်းကြောင့်ဖြစ်သည်။

(ဃ) ၂၀၂၀ ခုနှစ်ရွေးကောက်ပွဲအတွင်းတွင် မြန်မာမဟုတ်သည့် တိုင်းရင်းသားပြည်နယ်များ၌ မြန်မာတိုင်းရင်းသားအမြောက်အများက ရက်ပေါင်းကိုးဆယ်မျှ နေထိုင်ရုံမျှနှင့် မဲဆန္ဒပေးခွင့်ပြုခဲ့သည်။

[5] De – Jure and De – Facto

[6] First Past the Post (FPTP) Electoral System

(င) **၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအတွင်းတွင် ပြည်တွင်းနေရင်းရပ်ရွာ စွန့်ခွာတိမ်းရှောင်ကြရသူ (IDPs) များ၏ ဆန္ဒမဲပေးပိုင်ခွင့်အား ငြင်းပယ်ခြင်းခံခဲ့ရသည်။** ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် မင်းအောင်လှိုင်ခေါင်းဆောင်သည့် စစ်ကောင်စီက လက်နက်နှင့် ဖိနှိပ်မှုကြောင့် ပြည်တွင်းနေရင်း ရပ်ရွာ ရွှေ့ပြောင်းနေထိုင်ကြရသူဦးရေသည် အဆမတန်တိုးများ လာခဲ့သည်။ ကံမကောင်းလှစွာပင် တိုင်းရင်းသားနှင့် ဒီမိုကရေစီခုခံတိုက်ပွဲဝင်အားအားစုများ အနေဖြင့်လည်း ပြည်တွင်းနေရင်းရပ်ရွာ ရွှေ့ပြောင်းနေထိုင်ကြရသူများအတွက် ဆန္ဒမဲပေးပိုင်ခွင့်အား အကောင်အထည်ဖော်မည့် အစီစဉ်များ ယနေ့အချိန်ထိ ရှိမနေသေးချေ။ ယင်းအခြေအနေမှာ မြန်မာမဟုတ်သည့် အခြားတိုင်းရင်းသား ပြည်နယ်များတွင်သာမက (မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းတို့ ပါဝင်ဖွဲ့စည်းနိုင်သော) မြန်မာတိုင်း ရင်းသားပြည်နယ်ကိုပါ လွှမ်းခြုံလျက်ရှိနေသေးသည်။

## အသက်အန္တရာယ်ကို မထိခိုက်စေသည့် အကူအညီအတွင် အမေရိကန်ပြည်ထောင်စု ပြဋ္ဌာန်းလိုက်သည့် NDAA ဥပဒေ

မြန်မာနိုင်ငံခုခံရေးလှုပ်ရှားမှုအတွက် အမေရိကန်ပြည်ထောင်စုက ၂၀၂၂ ခုနှစ်တွင် ပြဋ္ဌာန်းလိုက်သည့် အမျိုးသားကာကွယ်ရေး အခွင့်အာဏာအပ်နှင်းသည့်ဥပဒေတွင်[7] အသက်အန္တရာယ်ကို မထိခိုက်စေသည့် အကူအညီအားပြဋ္ဌာန်းထားသည်။ အသက်အန္တရာယ်ကို မထိခိုက်စေသည့်အကူအညီ ဟူသည်မှာ မည်သည့်အရာနည်း။ ၎င်းအား အခြားအကြောင်းရပ်များအပြင် ရွေးကောက်ပွဲအသစ် ကျင်းပနိုင်ရေးရှုထောင့် မှ ချဉ်းကပ်သင့်ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် တိုင်းပြည်တဝှမ်းလုံး ရှိ နယ်မြေများအား မထိန်းချုပ်နိုင်သေးပါ။ သို့ရာတွင် အလားတူပြဿနာအား စစ်ကောင်စီကလည်း ရင်ဆိုင်နေရသည်ပင်။ မျက်မှောက်အချိန်တွင် စစ်ကောင်စီသည် ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲ၌ မဲပေးကြစေရန် လူထုများအား အကြပ်ကိုင်လျက်ရှိသည်။ အထူးသဖြင့် ၎င်းတို့ကို တိုက်ရိုက်ထိန်းချုပ်ထားနိုင်သော မြို့ပြများ နှင့် အနီးတဝိုက်ဒေသများတွင် ဖြစ်သည်။ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်ကြရသူ (IDPs) များ၏ ဆန္ဒမဲပေးပိုင်ခွင့်ကိုလည်း ငြင်းပယ်ထားဆဲဖြစ်သည်။

## မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲအသစ်များအတွက် အသက်အန္တရာယ်ကို မထိခိုက်စေသည့်အကူအညီ အားလိုအပ်ချက်။

ယူကရိန်းနိုင်ငံအား ရုရှက ထိုးစစ်ဆင်ရာတွင် ဆိုက်ဘာတိုက်ခိုက်မှုနှင့် ဗုံးကြဲမှုများကြောင့် အင်တာနက် ပြတ်တောက်စေမှုများ ပေါ်ပေါက်ခဲ့သည်။ ထိုအခါ အယ်လွန်မတ်စ်က စတားလင့်ဂြိုလ်တု အင်တာနက်ထောက်ပံ့မှုကို အသုံးပြု၍ ယူကရိန်းနိုင်ငံအား ကူညီခဲ့သည်။ ထိုကဲ့သို့သော အကူအညီမျိုးသည် အသက်အန္တရာယ်ကို မထိခိုက်စေသည့် အကူအညီမျိုးဖြစ်သည်။ ရွေးကောက်ပွဲအသစ်များအတွက် အသုံးပြုနိုင်သည်။ ရွေးကောက်ပွဲသည် ဒီမိုကရေစီ၏ အမှတ်အသားဖြစ်သည်။ ဒီမိုကရေစီနည်းလမ်းအရ

[7] The National Defense Authorization Act – NDAA, ၂၀၂၂, United States of America

အုပ်ချုပ်မှုအခြေခံကို ကောင်းကျိုးပြုသည်။ အကယ်၍ ရွေးကောက်ပွဲအသစ်များ ကျင်းပနိုင်ရေးကို ကမကထပြုမည်ဆိုပါမူ အမေရိကန်ပြည်ထောင်စုသာမက အခြားဒီမိုကရေစီနိုင်ငံများကလည်း အထူးသဖြင့် အွန်လိုင်းမှမဲပေးနိုင်ရေးအတွက် ကူညီနိုင်ကြဘွယ်ရှိသည်။ ယင်းအား မဲဆန္ဒရှင်များကိုယ်တိုင် မြေပြင်ပေါ်ရှိ မဲရုံများတွင် မဲပေးသည့်စနစ်နှင့် ပေါင်းစပ်ကျင့်သုံးနိုင်သည်။ မဲဆန္ဒရှင်များ ကိုယ်တိုင်မဲပေးမှုအား တိုင်းရင်းသားပြည်နယ်များရှိ ခုခံစစ်ဆင်အဖွဲ့အစည်းများအား ထိန်းချုပ်ထားသောနယ်မြေများတွင် ကျင်းပနိုင်ပါသည်။

ယင်းသို့ကျင်းပခြင်းဖြင့် ဝေးလံသီခေါင်သောတောင်ပေါ်ဒေသများအပါအဝင် မြို့ပြကျေးရွာ နယ်မြေဒေသအသီးသီးရှိ လူထုများသည်လည်းကောင်း၊ (ထိုင်းနိုင်ငံအပါအဝင် နိုင်ငံတကာနိုင်ငံတချို့ရောက် သန်းပေါင်းတချို့မျှ အရေအတွက်ရှိသော မြန်မာနိုင်ငံသားရွှေ့ပြောင်း အလုပ်သမားများသည်လည်းကောင်း) ပြည်တွင်းနေရင်းရပ်ရွာ စွန့်ခွာတိမ်းရှောင်ကြရသူများအနေဖြင့်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရကြပါမည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ မြင့်မားလိမ့်မည်ဖြစ်သည်။ ရွေးကောက်ပွဲအသစ်များသည် အောင်မြင်ပါလိမ့်မည်။ အကျိုးဆက်အနေဖြင့် စစ်ကောင်စီက ၂၀၂၃ ခုနှစ်အတွင်းတွင် ရွေးကောက်ပွဲကျင်းပနိုင်စေဦး၊ ၎င်း၏ ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ပြီးဖြစ်ပါမည်။

## ထောက်ခံတင်ပြချက်များ

### (၁) မြန်မာနိုင်ငံနှင် သင့်တော်သည့် ဖက်ဒရယ်စနစ်၏ အသွင်လက္ခဏာများအား နည်းလမ်းတကျ အတည်ပြုရန်။

အောင်မြင်သော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာစေရေး အထောက်အပံ့ဖြစ်စေရန် NLD၊ CRPH၊ NUG နှင့် NUCC တို့အနေဖြင့် မြန်မာနိုင်ငံနှင့် သင့်တော်သည့် အောက်ဖော်ပြပါ ဖက်ဒရယ်စနစ်၏ အသွင်လက္ခဏာ (၅) ရပ်အား နည်းလမ်းတကျအတည်ပြုရန် တိုက်တွန်းအပ်ပါသည်။ ယင်းသို့ဖြင့် ပင်လုံစာချုပ်အရ တိုင်းရင်းသားပြည်နယ်များခံစားခွင့်ရှိသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးအား စစ်မှန်စွာပိုင်းဖြတ်ပံ့ပိုးရာရောက်ပါမည်။ ပင်လုံစာချုပ်သည် ပြည်တွင်းဥပဒေအရသာမက နိုင်ငံတကာဥပဒေအရပါ တရားဝင်သော စာချုပ်ဖြစ်သည်။

**မြန်မာနိုင်ငံနှင့် သင့်တော်သည့် ဖက်ဒရယ်စနစ်၏ အသွင်လက္ခဏာ (၅) ရပ်အဆိုပြုချက်**

(၁) လူ့အခွင့်အရေးအား တိုးမြှင့်ရေးနှင့် ကာကွယ်ရေးသည် ထိပ်ဆုံးဦးစားပေးဖြစ်ရပါမည်။ သို့ရာတွင် ဥပဒေစိုးမိုးရေးကို တည်ဆောက်နိုင်မှသာ လူ့အခွင့်အရေးကို ကာကွယ်နိုင်ပါမည်။ သို့ဖြစ်၍ ဥပဒေစိုးမိုးရေးအား အရေးကြီးဆုံးထားရှိ ကျင့်သုံးရပါမည်။

(၂) ကန့်သတ်သော အစိုးရဖွဲ့စည်းလည်ပတ်မှုကို အဓိကထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စနစ်အား ကျင့်သုံးသည့်အနေဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများ အသီးသီးတို့၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုအပေါ် လွတ်လပ်၊ ဘက်မလိုက်၊ ထက်မြက်သော တရားစီရင်ရေး၏ ပြန်လည်သုံးသပ်ပိုင်ခွင့်အာဏာ[8]ကို ခံယူလိုက်နာရပါမည်။

(ဂ) ပြည်နယ်များအသီးသီးတွင် နိုင်ငံရေးအတွေးအခေါ်စုံ၊ ပါတီစုံစနစ်အခြေခံဖြင့် နိုင်ငံရေးပါတီများ၊ လူထုအသင်းအဖွဲ့များ[9] လွတ်လပ်စွာဖွဲ့စည်း တည်ရှိလှုပ်ရှားမှုကို အာမခံရပါမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စု၏ အစိုးရအဆင့် သုံးဆင့်လုံးတွင် ဒေသခံဌာနေတိုင်းရင်းသားများနှင့် ပြည်နယ်သားများကို ကိုယ်စားပြုပြီး ရှင်းရှင်းလင်းလင်းနှင့် တာဝန်ခံယူမှုရှိသော ဒီမိုကရေစီအစိုးရများ ပေါ်ပေါက်လာစေရပါမည်။

(င) အထက်ပါအခြေအနေလေးရပ်တို့ ပြည့်စုံသည့်နောက်တွင် မြန်မာတိုင်းရင်းသား ပြည်နယ်အပါအဝင် တိုင်းရင်းသားပြည်နယ်များတွင် အချုပ်အခြာအာဏာပိုင်ဆိုင်သည့်စနစ်ကို ကျင့်သုံးကာ တိုင်းရင်းသားပြည်နယ်များ ပါဝင်ဖွဲ့စည်းထားသည့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရန် ဖြစ်သည်။

အချုပ်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဆယ်စုနှစ် ခုနှစ်စုနှင့် တဝက်နီးပါးမျှ ကျင့်သုံးလာခဲ့သော တင်းကြပ်သည့် ဗဟိုချုပ်ကိုင်မှုအား စွန့်လွှတ်ရပါတော့မည်။ ထို့နောက် တိုင်းရင်းသားပြည်နယ်များ စုပေါင်းဖော်ဆောင်သည့် ဖက်ဒရယ်စနစ်ကို သင့်တင့်လျောက်ပတ်သော ဗဟိုချုပ်ကိုင်မှုကို ရှာဖွေ၊ တည်ဆောက် ဖော်ဆောင်သွားရန် ဖြစ်သည်။

[8] The Power of Judicial Review

[9] မှတ်ချက်။ ။ ဖက်ဒရယ်စနစ်တွင် လူထုအသင်းအဖွဲ့များ (Civil Society Organizations – CSOs) တို့၏ တည်ရှိလည်ပတ်မှုမှာ အခြားအကြောင်းများအပြင် အကြောင်းနှစ်ရပ်ကြောင့် အရေးကြီးပါသည်။
(၁) ၎င်းတို့သည် ဖက်ဒရယ်နိုင်ငံရှိ အစိုးရအဆင့် (ဖက်ဒရယ် ဗဟိုအဆင့်၊ ပြည်နယ်အဆင့်၊ ဒေသန္တာရအဆင့်) သုံးဆင့်လုံးက လည်ပတ်ရာတွင် အာဏာအလွဲသုံးစားမှုများရှိမရှိ စစ်ဆေးနိုင်သည်။
(၂) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းရာတွင် ပါဝင်သည့် ယူနစ်တခု သို့မဟုတ် ပိုမိုသော ယူနစ်များ၏ နယ်မြေသတ်မှတ်ချက်များအား ကျော်လွန်လျက် ယူနစ်အများအပြားအတွင်း အခြေစိုက်နေထိုင်လျက်ရှိသာ လူထုများဘုံအနေဖြင့် ရင်ဆိုင်ရလျက်ရှိသော ပြဿနာများအား ကိုင်တွယ်နိုင်သည်။ ဖက်ဒရယ်ပြည်ထောင်စုတခုလုံး၏ စည်းလုံးမှုကို ပံ့ပိုးပေးနိုင်သည်။ အစိုးရက အဓိကလည်ပတ်လျက်ရှိသော တိုင်းပြည်အဆောက်အအုံများသည် အရေးကြီးသော်လည်း ၎င်းတို့တခုတည်းသာလျှင် စွမ်းဆောင်နိုင်သူများမဟုတ်ကြပါ။ မကြာသေးခင် ဆယ်စုနှစ်များအတွင်း ကမ္ဘာနှင့်အဝှမ်း ကောင်းမွန်သော လွှမ်းမိုးအုပ်ချုပ်မှု ရရှိစေရေးလှုပ်ရှားမှုများတွင် လူထုအသင်းအဖွဲ့၏ ပါဝင်မှုသည် သိသာစွာပင် တိုးတက်လာခဲ့သည်။

**(၂) ကြားကာလ ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေများ ပေါ်ပေါက်လာစေရန်နှင့် ဥပဒေပြဋ္ဌာန်းသည့် လုပ်ငန်းစဉ်အဆင့်များကို ဖော်ဆောင်ရန်။**

ထောက်ခံတင်ပြချက် (၁) အပေါ်အခြေခံလျက် တိုင်းရင်းသားပြည်နယ်များနှင့် ဖက်ဒရယ်အဆင့်အစိုးရ အဆောက်အအုံများအတွက် ကြားကာလဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေများပေါ်ပေါက်လာစေရေးကြိုးပမ်းရပါမည်။ အဆိုပါ ဖွဲ့စည်းပုံမူကြမ်းများ ရေးဆွဲရေးသည် ၂၀၂၃ ခုနှစ် နှစ်ကုန် နောက်ဆုံးထားကာ ပြီးဆုံးသင့်သည်။ သို့ရာတွင် အထက်ပါ နိုင်ငံရေးအင်အားစုများအနေဖြင့် စစ်ကောင်စီ၏ ရွေးကောက်ပွဲအတုလုပ်ငန်းစဉ်မစမီ အနည်းဆုံးအားဖြင့် ၂၀၂၃ ခုနှစ်ဇွန်လ နောက်ဆုံးထားပြီး ဤလုပ်ငန်းစဉ်အားနည်းလမ်းတကျ ကြေငြာသင့်ပါသည်။

(က) ယင်းသို့ နည်းလမ်းတကျ ကြေငြာပြီးပြီးချင်းမှာပင် ရွေးကောက်ပွဲရလဒ်အရနှင့် နယ်မြေကိုထိန်းချုပ်နိုင်မှုအရ တရားဝင်မှုစံပြုချက် နှစ်ခုတို့အပေါ်အခြေခံလျက် ဖက်ဒရယ်ဥပဒေပြုလွှတ်တော်အသစ်တရပ်အား တည်ထောင်သွားရန်ဖြစ်သည်။ သို့မဟုတ် တပြိုင်တည်းမှာပင် တိုင်းရင်းသားပြည်နယ်များတွင်အလားတူကြိုးပမ်းမှုများအား ပံ့ပိုးရန်နှင့် နည်းလမ်းတကျ အသိအမှတ်ပြုသွားရန်ဖြစ်သည်။ သို့ဖြစ်ပါက ၂၀၂၀ ခုနှစ်တွင် အီသီယိုးပီးယားနိုင်ငံ၌ ဖက်ဒရယ်ဗဟိုအစိုးရနှင့် တီဂရေးဒေသ၊ ပြည်နယ်တို့အကြားလက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားခြင်းမျိုးတို့အား ရှောင်လွှဲနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် သင့်တော်သည့်ဖက်ဒရယ်စနစ်အား ဥပဒေစိုးမိုးရေးအခြေခံတွင် အုတ်မြစ်ချရာလည်း ရောက်ပါမည်။

(ခ) အထက်ဖော်ပြပါ ဥပဒေပြုလွှတ်တော် (သို့မဟုတ်) တိုင်းရင်းသားပြည်နယ်များတို့၏ ဥပဒေပြုလွှတ်တော်များအနေဖြင့် အောက်ပါဥပဒေများအား ပြဋ္ဌာန်းနိုင်ပါသည်။

> ၁။ မဲအများစုရသူနိုင်စတမ်းစနစ်အား ဒုတိယမဲပြားစနစ်သို့ တိုးချဲ့ခြင်း၊ (လူနည်းစုတိုင်းရင်းသားခေါင်းဆောင်များအတွက်) လွှတ်တော်အမတ်နေရာများ ပုံသေသတ်မှတ်ခြင်း၊ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးခြင်းတို့ အပါအဝင်ရွေးချယ်တင်မြှောက်ပုံစနစ်နှင့် သက်ဆိုင်သည့် ဥပဒေသစ်များအား ပြဋ္ဌာန်းခြင်း။
>
> ၂။ ပြည်နယ်များနှင့် ဖက်ဒရယ်အဆင့်နှစ်ရပ်တို့အတွက် လွတ်လပ်၊ ဘက်မလိုက်၊ ထက်မြက်ပြီးလိုအပ်သော အရင်းအမြစ်များ ဖြည့်ဆည်းခြင်းခံရသည့် တရားစီရင်ရေးဆိုင်ရာ ဥပဒေသစ်များပြဋ္ဌာန်းခြင်း၊ လာမည့်ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား နောက်ဆုံးစီရင်ဆုံးဖြတ်ပေးရာအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ တရားစီရင်ရေးများကို အခွင့်အာဏာအပ်နှင်းသင့်ပါသည်။ ရွေးကောက်ပွဲအသစ်များအားလည်း ကြားကာလဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပါရှိသည့်ရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းချက်များကို အခြေခံလျက် ၂၀၂၄ ခုနှစ်တွင် ကျင်းပကောင်းကျင်းပနိုင်ပါမည်။ ၎င်းအပြင် အထက်ပါတရားစီရင်ရေးများ

အနေဖြင့် အရပ်ဘက်ဆိုင်ရာတရားရုံးများက စစ်ခုံရုံးများအပေါ် ကြီးကြပ်မှုစနစ်ကို ကျင့်သုံးသင့်သည်။

၃။ လက်နက်ကိုင်ပဋိပက္ခများအတွင်း (အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား အဓိကထားလျက်) အရပ်သားလူထုများအား အကာအကွယ်ပေးရေးမှာ အဓိကဦးစားပေးဖြစ်သင့်သည်။ အဆိုပါရည်းမှန်းချက်အတွက် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားသော Geneva Convention ဟုခေါ်တွင်သည့် လူသားချင်းစာနာထောက်ထားသည့်ဥပဒေ (သို့မဟုတ်) စစ်ဥပဒေနှင့်အညီ စစ်ဘက်ဆိုင်ရာဥပဒေတရပ်အား ပြဋ္ဌာန်းသင့်သည်။ နိုင်ငံတဝှမ်းလုံးရှိ တရားရုံးများအားလုံးတွင် အသုံးပြုသင့်သည်။

၄။ အထက်ဖော်ပြပါ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ဆိုင်ရာ ဥပဒေတရပ်ကို ပြဋ္ဌာန်းသင့်သည်။ ယင်းတွင် စစ်ခုံရုံးများ ဖွဲ့စည်းလည်ပတ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များပါဝင်ရန် လိုအပ်ပါမည်။

## ရွေးကောက်ပွဲအသစ်များအား တိုင်းရင်းသားပြည်နယ်များတွင် ပထမဦးစွာ ကျင်းပခြင်းနှင့် အသက်အန္တရာယ်ကို မထိခိုက်စေသည့်အကူအညီ

ရွေးကောက်ပွဲအသစ်များအား ဖက်ဒရယ်အဆင့် တိုင်းပြည်ယန္တရားများအတွက် မကျင်းပခင် ပထမဦးစွာ တိုင်းရင်းသားပြည်နယ်များတွင် ကျင်းပသင့်ပါသည်။ မြန်မာနိုင်ငံအတွက် အမေရိကန်ပြည်ထောင်စုက ပြဋ္ဌာန်းပေးလိုက်သည့် NDAA ဥပဒေ၏ အစိတ်အပိုင်း (၃) တွင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်နယ် အသီးသီးအတွင်းတွင်လည်းကောင်း၊ တိုင်းရင်းသားပြည်နယ်တခုနှင့် အခြားတခုအကြားတွင်လည်းကောင်း၊ ဖက်ဒရယ်စနစ်ကို တောင့်တင်းခိုင်မာစေရေးအတွက် တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့အစည်းများ[10]အား အသက်အန္တရာယ်ကို မထိခိုက်စေသည့် အကူအညီများပေးအပ်သွားရန် အခွင့်အာဏာအပ်နှင်းထားပါသည်။ တချိန်တည်းမှာပင် ယင်းဥပဒေ၏ ပုဒ်မ ၅၅၇၆ တွင် ကန့်သတ်ပြဋ္ဌာန်းချက်ပါရှိသည်။ ၎င်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ[11] (သို့မဟုတ်) ၎င်း၏ ထိန်းချုပ်မှုအောက်၊ ၎င်းနှင့်တွဲဘက်ထားသည့်အဖွဲ့အစည်း၊ အင်အားစုတခုခု (သို့မဟုတ်) ၎င်းထံမှ အကူအညီရယူသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် NDAA ဥပဒေအရအပ်နှင်းမည့် အမေရိကန်ပြည်ထောင်စု၏ အကူအညီအား လက်ခံရယူခွင့်ရှိမည် မဟုတ်ပါ။

၎င်းတို့မှလွဲ၍ အခြားသောတိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့အစည်းများ (အထူးသဖြင့် အထက်ပါထောက်ခံတင်ပြချက် အမှတ်စဉ် (၁) တွင်ပါရှိသော မြန်မာနိုင်ငံနှင့် သင့်တော်သည့်ဖက်ဒရယ်စနစ်၏

[10] Ethnic Armed Organizations or Ethnic Resistance Organizations (EAOs/EROs)

[11] မြန်မာနိုင်ငံအတွင်းတွင် စစ်ကောင်စီဟူ၍အများက ခေါ်ဝေါ်သုံးစွဲကြသည်။

အသွင်လက္ခဏာ (၅) ရပ်နှင့် ပြည့်စုံသည့်အဖွဲ့အစည်းများ) တို့အနေဖြင့် NDAA ဥပဒေပေါ်ပေါက်လာမှုကို အခွင့်ကောင်းယူသင့်သည်။ အမေရိကန်ပြည်ထောင်စုထံမှာ ဘဏ္ဍာငွေကြေးနှင့် နည်းပညာဆိုင်ရာ အကူအညီများ ရယူသင့်သည်။ အမေရိကန်ပြည်ထောင်စုအစိုးရ အဆိုပါတိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့အစည်းများအား ပေးအပ်သောအကူအညီဖြင့် ဂြိုလ်တုများကို အသုံးပြု၍ အွန်လိုင်းဆန္ဒမဲပေးစနစ်အရ တိုင်းရင်းသားပြည်နယ်များတွင် ရွေးကောက်ပွဲအသစ်များကျင်းပခြင်းမှာ အသက်အန္တရာယ်ကို မထိခိုက်စေသည့်အကူအညီဖြစ်ပါသည်။

**ဥပဒေအထောက်အကူပြုကွန်ရက်** **၂၁ရက်၊ ဇန်နဝါရီလ၊ ၂၀၂၃ ခုနှစ်။**


အသေးစိတ်သိလိုလျှင်

ဦးအောင်ထူး၊ လူ့အခွင့်အရေးရှေ့နေ၊ ဥပဒေအထောက်အကူပြုကွန်ရက်တည်ထောင်သူ

Email: legalaidnetwork@gmail.com

Website: legalaidnetwork.org